BURMESE WOMEN'S UNION
P.O Box 40, Mae Rim, Chiang Mai 50180, Thailand/Phone: 66 53 862 363

## တရုတ်နယ်စပ်မြို့နောက်ကွယ်မှ အသံမဲ့ (သို့) ပုန်းကွယ်နေသောအရိပ်များ အစီရင်ခံစာ ထုတ်ဝေဖြန့်ချိခြင်းနှင့် ပတ်သတ်သော သတင်းထုတ်ပြန်ချက်

**ဖေဖော်ဝါရီ ၂၃၊ ၂၀၁၂ ခုနှစ်**

မြန်မာ့အမျိုးသမီးသမဂ္ဂ ဒေသခံအဖွဲ့ဝင်များနှင့် သုတေသန ပြုသူများမှရေးသားပြုစုထားသည့် အသံမဲ့ (သို့) ပုန်းကွယ်နေသောအရိပ်များ အစီရင်ခံစာသစ်သည် တရုတ်နယ်စပ်မြို့တမြို့ဖြစ်သည့် ရွှေလီမြို့၏ စီးပွားရေးခဲ့ထွင်လာမှုနှင့် တနှစ်ထက်တနှစ် ပိုမိုများပြားလာသော မြန်မာ့ရွှေ့ပြောင်းအမျိုးသမီးအလုပ်သမများ၏ ခေါင်းပုံဖြတ်အမြတ်ထုတ်သောလုပ်ငန်းခွင်အခြေအနေနှင့် တရားဥပဒေပိုင်းဆိုင်ရာအရ အကာအကွယ်မဲ့သော အခြေအနေများအောက်တွင် အလုပ်လုပ်ကိုင်နေကြရသော အမျိုးသမီးအလုပ်သမများ၏ ဘဝဖြတ်သန်းမှု အခြေအနေများကို ဖော်ပြထားသည်။

ယူနန်ဒေသ၏ တဟုန်ထိုးစီးပွားရေးခဲ့ထွင်လာမှုသည် ဆင်းရဲကြပ်တည်းသည့်မြန်မာနိုင်ငံမှ အလုပ်သမားများ မြောက်ဘက်ပိုင်း တရုတ်နိုင်ငံဘက်သို့ ရွှေ့ပြောင်းမှု တိုးမြင့်လာသည့် အခြေအနေကို အစပျိုးပေးခဲ့သည်။ ယခုဆိုလျှင် ရွှေလီမြို့တမြို့တည်းတွင်ပင် မြန်မာရွှေ့ပြောင်းအလုပ်သမားဦးရေမှာ ၁ သိန်းကျော်ထိပင် ရှိနေပြီဖြစ်ပြီး လိင်ဖျော်ဖြေရေးအလုပ်၊ အိမ်ဖော်အလုပ်၊ ဈေးရောင်းအလုပ်၊ ဆောက်လုပ်ရေးအလုပ်နှင့် စက်ရုံအလုပ်ရုံများအပါအဝင် လုပ်ငန်းခွင်အသီးသီးတွင် လုပ်ကိုင်နေကြသည်။

၎င်းအစီရင်ခံစာသည် အမျိုးသမီးအလုပ်သမများ၏ ဘဝအခြေအနေများနှင့် တရုတ်နိုင်ငံရှိ အလုပ်ရှင်များ၏ လုပ်ငန်းခွင်အတွင်း မတရားခိုင်းစေမှုများနှင့် ခေါင်းပုံဖြတ်အမြတ်ထုတ်မှုများကို ထုတ်ဖော်ထားသည်။ အမျိုးသမီးအလုပ်သမအများစုသည် တရုတ်ဈေးကွက်တွင်ရောင်းချမည့် မြန်မာသစ်သားများကို အလှဆင်အချောသတ်ရန်အတွက် စိုစွတ်သောအလုပ်ရုံများတွင် အန္တရာယ်များပြားသော လျှပ်စစ်ပစ္စည်းများနှင့် ဓာတုဗေဒပစ္စည်းများကို အသုံးပြု၍ လုပ်ကိုင်နေကြရသည်။

အမျိုးသမီးများသည် ကျား၊မ ခွဲခြားဆက်ဆံခံရခြင်း၊ လုပ်အားခအနည်းငယ်သာရရှိခြင်းနှင့် အလုပ်ရှင်များ၏ လိင်ပိုင်းဆိုင်ရာနှောက်ယှက်မှုများကိုလည်း ရင်ဆိုင်ကြုံတွေ့ကြရသည်။ မကြာခဏ အတင်းအဓမ္မ အကာအကွယ်မဲ့ လိင်ဆက်ဆံခံရပြီး ဖောက်သည်များ၏ အကြမ်းဖက်မှုများကိုပါ ရင်ဆိုင်နေကြရသော လိင်မှုလုပ်ငန်းများတွင်လုပ်ကိုင်နေကြသည့် အမျိုးသမီးရာပေါင်းများစွာအတွက်မူ ကျန်းမာရေးနှင့် လုံခြုံရေးအခက်အခဲများမှာလည်း ကြီးမားလှသည်။

'တကယ်လို့ တရုတ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံနဲ့ ဆက်ဆံရေးပိုပြီးကောင်းမွန်စေချင်တယ်ဆိုရင် တရုတ်မြေပေါ်မှာရှိတဲ့ မြန်မာအလုပ်သမားတွေရဲ့ အခွင့်အရေးတွေကို ကာကွယ်ပေးမှုကနေ စလုပ်သင့်တယ်' ဟု အထွေထွေ အတွင်းရေးမှူး ဒေါ်နီနီထက်စံမှ ပြောသည်။ ထို့ကြောင့် တရုတ်အာဏာပိုင်များအနေဖြင့် ၎င်းတို့နိုင်ငံရှိ နိုင်ငံခြားသားရွှေ့ပြောင်းအလုပ်သမားများ၊ အထူး သဖြင့် အမျိုးသမီးအလုပ်သမားများ၏ အခွင့်အရေးကို အကာအကွယ်ပေးမည့် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ချမှတ် အကောင်အထည်ဖော်ရန် မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU) မှ တိုက်တွန်းတောင်းဆိုသည်။

'အသံမဲ့(သို့)ပုန်းကွယ်နေသောအရိပ်များ' အစီရင်ခံစာအပြည့်အစုံကို www.burmesewomensunion.org တွင်ဖတ်ရှုနိုင်သည်။

**ဆက်သွယ်ရန်**

ဒေါ်နီနီထက်စံ – ၆၆ (၀) ၈၉ – ၆၄၂–၂၁၁၄
ဒေါ်တင်တင်ညို – ၆၆ (၀) ၈၁– ၀၃၂၂–၈၈၂